# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 19 , 2024 | Volume 74, Number 13


၁၉.၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၂၂ US$ |
| မြန်မာ့ရွှေဈေး | = ၃၇၈၀၀၀၀ |
| ဒေါ်လာဈေး | = ၃၄၉၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၃.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၄.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၁.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၁.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၈၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၅၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၉၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၄.၉၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၀၄၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


### ကြက်သွန်နီဈေး ဆက်တိုက်ကျနေ

ဒီဇင်ဘာလ နောက်ဆုံးသီတင်းပတ်ကနေ စတင်ကျဆင်းလာတဲ့ ပြည်တွင်းကြက်သွန်နီဈေးနှုန်းတွေက ယနေ့အထိ ဆက်တိုက်ကျဆင်းလျက်ရှိကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးကွက်အချက်အလက်တွေအရ သိရှိရပါတယ်။

ဒီဇင်ဘာ ၂၃ ရက်က ရန်ကုန်ဈေးကွက်ကို ဝင်ရောက်ခဲ့တဲ့ မြင်းခြံကြက်သွန်နီက ကျပ် ၂၀၀၀ မှ ကျပ် ၄၀၀၀၊ မြစ်သားကြက်သွန်နီက ကျပ် ၃၁၀၀ မှ ကျပ် ၄၇၀၀၊ မလှိုင်ကြက်သွန်နီက ကျပ် ၁၉၀၀ မှ ကျပ် ၃၈၀၀၊ ပခုက္ကူကြက်သွန်နီက ကျပ် ၂၀၀၀ မှ ကျပ် ၃၈၀၀ ဈေးရှိခဲ့ပါတယ်။

အဆိုပါနှုန်းတွေကို ဇန်နဝါရီလ ၁၈ ရက်နေ့ နှုန်းထားတွေနဲ့နှိုင်းယှဉ်ပါက မြင်းခြံကြက်သွန်နီက ကျပ် ၉၀၀ မှ ကျပ် ၁၄၀၀၊ မြစ်သားကြက်သွန်နီက ကျပ် ၄၀၀ မှ ကျပ် ၁၄၀၀ အထိ ကျဆင်းသွားတာကို တွေ့ရှိရပါတယ်။

ကြက်သွန်နီက အခုရက်တော့ ဈေးတွေကျနေတယ်။ ဈေးကွက်ကတော့ မငြိမ်ဘူးလို့ ကြက်သွန်နီရောင်းဝယ်ရေးလုပ်ကိုင်နေတဲ့ ကုန်သည်တစ်ဦးက လက်ရှိဈေးကွက်အခြေအနေကို ရှင်းပြပါတယ်။

မြန်မာနိုင်ငံမှာ ကြက်သွန်နီကို နှစ်စဉ်ဧက ၁ ဒသမ ၇ သိန်းကျော်မှာ စိုက်ပျိုးနေပြီး နှစ်စဉ်တန်ချိန် ၁ သန်းကျော် ထွက်ရှိပါတယ်။ မြန်မာကြက်သွန်နီ အဓိကဝယ်ယူနေတဲ့ ဖောက်သည်နိုင်ငံတွေထဲမှာ တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ စင်ကာပူနဲ့ အမေရိကန်နိုင်ငံတွေ ပါဝင်နေပါတယ်။


အဲဒီအထဲက တရုတ်နဲ့ထိုင်းနိုင်ငံကို နယ်စပ်လမ်းကြောင်းကတစ်ဆင့် တင်ပို့ရောင်းချနေတာဖြစ်ပြီး မူဆယ် ၁၀၅ မိုင်နဲ့ မြဝတီကုန်သွယ်ရေးဇုန်တွေကနေ တင်ပို့မှုလျော့ကျသွားပါတယ်။ ဆက်ပြီးကျဖို့ပဲမြင်တယ်။ လမ်းကြောင်းအခြေအနေအရ ဒီမှာကြက်သွန်တွေပုံလာတယ်။ ဆက်တက်ဖို့တော့ လမ်းမမြင်သေးဘူးလို့ ကုန်သည်ရောင်းဝယ်ရေးကုန်သည်တစ်ဦးက သုံးသပ်ထားပါတယ်။

**Source: BETV Business**

### ၂၀၂၄ ခုနှစ် အသစ်ဝင် ပဲမာလိုင်းများဈေးကောင်းရ ပို့ကုန်ပဲများ အမြင့်ဈေးအတိုင်းရှိနေ

၂၀၂၄ ခုနှစ် အသစ်ဝင်ပဲမာလိုင်းများ ဈေးကောင်းရရှိနေပြီး ပို့ကုန်မတ်ပဲနှင့် ပဲစင်းငုံမှာ အမြင့်ဈေးအတိုင်း ဆက်လက်ဈေးကောင်းနေကြောင်း ပဲ၊ နှမ်းကုန်သည်များထံမှသိရသည်။

ပြည်တွင်းသုံးကုလားပဲ အုပ်စုမှာ ဈေးမြင့်တက်နေရာမှ အနည်းငယ် ဈေးပြန်လာကျဆင်းလာကြောင်း၊ ပဲစင်းငုံမှာ စံချိန်တင်ဈေးကနေ အနည်းငယ်ဈေးကျဆင်းသော်လည်း သုံးတင်းတစ်အိတ် ငွေကျပ် ၃,၂၀,၀၀၀ ပေါက်ဈေးဖြစ်နေပြီး ယင်းဈေးထက် ကျဆင်းစရာမရှိကြောင်း ၊ မတ်ပဲကလည်း အိန္ဒိယ၏ လတ်တလော အဝယ်ကောင်းနေတာကြောင့် ဈေးကောင်းရကြောင်း၊ အရည်အသွေးအလိုက် ဈေးကွာခြားမှု အနည်းငယ်ရှိကြောင်း၊ နှမ်းမျိုးစုံနှင့်မြေပဲဆန်ဈေးကွက်မှာ ပုံမှန်သာ အရောင်းအဝယ်ရှိနေကြောင်း၊ ယခုနှစ် ထူးခြားချက်မှာ ပဲမာလိုင်းများ ပဲသစ်ရာသီအစမှာပင် ဈေးကောင်းရရှိနေသော ထောပတ်



ပဲတစ်အိတ် ငွေကျပ် ၄,၇၀,၀၀၀-၄,၈၀,၀၀၀ ပေါက်ဈေး၊ မြေထောက်ပဲအသစ်လည်း တစ်အိတ်လျှင် ငွေကျပ် ၃,၃၀,၀၀၀ ပေါက်ဈေးရှိကြောင်း ဖေဖော်ဝါရီလဆန်းပိုင်းတွင် အသစ်ဝင်ပဲများ လှိုင်လှိုင်ဝင်ရောက်လာမည်ဖြစ်ကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်ကပြောသည်။

"အသစ်ဝင်ပဲမာလိုင်းတွေ ဈေးကောင်းရနေပါတယ်။ ပို့ကုန်ပဲတွေကတော့ အမြင့်ဈေးနဲ့ငြိမ်နေပါတယ်။ ပဲတီစိမ်းကလည်း နောက်ရက်တွေမှာ အသစ်ဝင်လာဖို့ရှိပါတယ်။ ဒီနှစ်ထူးခြားတာက ပဲအသစ်ပေါ်ချိန် ဈေးကျဆင်းလေ့ရှိပေမဲ့ ဒီနှစ်ပဲရာသီက စပေါ်ကတည်းက အမြင့်ဈေးတွေနဲ့ အရောင်းအဝယ်ကောင်းနေပါတယ်။ ပဲအဟောင်းတွေ လက်ကျန်စောစောကုန်သွားတာကလည်း ပဲသစ်ရာသီမှာ ဈေးကောင်းရနေတာပါ။ ပို့ကုန်ပဲတွေမှာတော့ အိန္ဒိယ၏ ဝယ်လိုအားကောင်းနေ၍ ပဲစင်းငုံကတော့ ကြိုရောင်းကြိုဝယ် ဈေးကောင်းနေပါတယ်။ ဈေးမြင့်တက်နေတဲ့ ပြည်တွင်းသုံး ကုလားပဲအုပ်စုကတော့ ဈေးအနည်းငယ်ပြန်လည် ကျဆင်းသွားပါတယ် ဟု ၎င်းကပြောသည်။

ဇန်နဝါရီ ၁၇ ရက်တွင် မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၂,၈၅,၀၀၀၊ ပဲစင်းငုံ တစ်အိတ်လျှင် ငွေကျပ် ၃,၂၀,၀၀၀ ပေါက်ဈေးရှိလာသည်။ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ငွေကျပ် ၁,၉၂,၀၀၀ ပေါက်ဈေးဖြင့် ဈေးမြင့်တက်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အနည်းငယ်ဈေးကျဆင်းနေပြီး ဇန်နဝါရီ ၁၇ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃,၁၁,၀၀၀၊ V7 တစ်အိတ်လျှင် ငွေကျပ် ၃,၁၅,၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂,၈၅,၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂,၉၀,၀၀၀ ပေါက်ဈေး ဖြင့် ဈေးဆက်လက်မြင့်တက်လာသည်။

ပြည်တွင်းသုံး ပဲမာလိုင်း များမှာ ပဲကြီးတစ်အိတ်လျှင် ငွေ ကျပ် ၃,၈၀,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄,၇၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃,၃၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃,၆၀,၀၀၀၊ ကနေဒါ စားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၂,၆၅,၀၀၀၊ မြေပဲအနီလုံး ဆန်(မြင်းမူ) တစ်ပိဿာလျှင် ငွေကျပ် ၇၈၀၀-၈၁၀၀ ပေါက်ဈေးမြင့်တက်လာသည်။

ဇန်နဝါရီ ၁၇ ရက်တွင် နှမ်း ဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄,၁၀,၀၀၀၊ နှမ်းညို တစ်အိတ်လျှင်ငွေကျပ် ၃,၁၅,၀၀၀၊ နှမ်းဝါတစ်အိတ်လျှင် ငွေကျပ် ၂,၉၅,၀၀၀၊ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၄,၀၀,၀၀၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ရော်ဘာတန်ချိန် (၃) သိန်း တင်ပို့မည်

နယ်စပ်လမ်းကြောင်းအချို့ ခက်ခဲလျက်ရှိနေသည့်အတွက် ရော်ဘာတင်ပို့မှုမှာနှေးကွေးနေခဲ့သော်လည်း ယခုဘဏ္ဍာနှစ်တွင် ပိုမိုတင်ပို့နိုင်မည်ဟုခန့်မှန်းကြသည်။ "၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ သုံးသိန်းလောက် ပြည်ပတင်ပို့ဖို့ မှန်းထားပါတယ်။ အရင်နှစ်က တန်ချိန် တစ်သိန်းကျော်ပဲပို့နိုင်ခဲ့တယ်။ မြန်မာနိုင်ငံက တန်ချိန် လေးသိန်းလောက်ထွက်တယ်။ ပြီးခဲ့တဲ့နှစ်က မပို့နိုင်တာက ငွေကြေးမူဝါဒကြောင့် တစ်တန်ကို ၈ သိန်းကနေ ၁၀ သိန်းလောက် ရှုံးနေတဲ့အတွက် မတင်ပို့နိုင်တာ" ဟု မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူကပြောသည်။



ရော်ဘာတင်ပို့မှုအနေဖြင့် ၇၅ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိပြီး စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန်စသည့် နိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်းသိရသည်။ ရော်ဘာကို မြန်မာနိုင်ငံတွင် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးဧက တစ်သန်းကျော်နှင့် ထုတ်လုပ်မှုဧက ကိုးသိန်းခွဲခန့်ရှိကြောင်း သိရသည်။

**Source:** https://t.me/popularmyanmar.com

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကိုးလတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၈၄၀၀ ကျော် တင်ပို့နိုင်



ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကိုးလတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၈၄၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောဆိုချက်အရသိရသည်။ "၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ ဒီဇင်ဘာလ ၃၁ ရက်အထိ ကိုးလတာကာလအတွင်း ပြည်ပကို ပုစွန် မက်ထရစ်တန် ၈၄၃၂ ဒသမ ၁၀၄ တန်တင်ပို့နိုင်ပြီး အမေရိကန် ဒေါ်လာ ၃၂ ဒသမ ၀၇၉ သန်း ရရှိခဲ့ပါတယ်"ဟု ၎င်းကပြောသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ ကိုးလတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ ပုစွန် မက်ထရစ်တန် ၇၇၃၁ ဒသမ ၃၉၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၄၁၆ သန်းနှင့် နယ်စပ်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၇၀၀ ဒသမ ၇၁၃ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၆၃ သန်း ရရှိသည့်အတွက် ပြည်ပသို့ ပုစွန်တင်ပို့မှုစုစုပေါင်း မက်ထရစ်တန် ၈၄၃၂ ဒသမ ၁၀၄ တန်ရှိပြီး အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၀၇၉ သန်း ရရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ငါး၊ ပုစွန်စသည့် ရေထွက်ကုန်များကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဂျပန်နိုင်ငံ စသည့် နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေး စခန်းများမှလည်း တိုက်ရိုက်တင်ပို့ကြောင်း သိရသည်။

**Source: https://www.myawady.net.mm**

**Category:** Local News

## ၂၀၂၄ ပဲသစ်ရာသီတွင် မတ်ပဲဈေး ဆက်လက်မြင့်တက်မည်



အိန္ဒိယမှ ၂၀၂၄ ခုနှစ် ပဲသစ် ရာသီတွင် ပေါ်လာသည့် မတ်ပဲ၊ ပဲစင်းငုံကို နှစ်လအတွင်း တန်ချိန် အများအပြားဝယ်ယူမည့်အခြေအနေများရှိတာကြောင့် မတ်ပဲ ပေါက်ဈေးမှာ ဆက်လက်မြင့် တက်လာကြောင်း ပဲကုန်သည်များက သုံးသပ်ထားသည်။

ထို့ပြင် အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ခွင့်ကို မတ်လအထိ တိုးမြှင့်လိုက်တာကြောင့်လည်း မတ်ပဲဈေးက အတက်ဘက်တွင် ရှိနေခြင်းဖြစ်သည်။

ယခင်နှစ်ဒီဇင်ဘာလအတွင်း က မတ်ပဲတစ်တန်လျှင် ငွေကျပ် သိန်း ၃၀ ကျော်အထိ ပေါက်ဈေးမြင့်တက်ခဲ့သော်လည်း ဇန်နဝါရီ လဆန်းပိုင်းတွင် အနည်းငယ် ဈေးပြန်ကျခဲ့ပြီး လက်ရှိအချိန်တွင် တစ်တန်လျှင် ငွေကျပ် သိန်း ၃၀ အထက်မှာ ဆက်လက်တည်ရှိနေသည်။

အိန္ဒိယ၏ မတ်ပဲတန်ချိန် အများအပြားဝယ်ယူရန်ရှိနေခြင်းကြောင့် မတ်ပဲအသစ်ဈေးက ၂၀ ပိဿာ တစ်တင်းလျှင် အနိမ့်ဆုံးဈေး ငွေကျပ် ၉ သောင်းအောက် ကျဆင်းစရာမရှိဟု ပွဲရုံပိုင်ရှင်တစ်ဦးက သုံးသပ်သည်။

မန္တလေးဈေးကွက်တွင် ဇန်နဝါရီ ပထမသီတင်းပတ်က မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂,၈၅,၀၀၀ ပေါက်ဈေးရှိနေပြီး ပဲအရည်အသွေးအလိုက် ဈေးနှုန်းအနည်းငယ်အပြောင်းအလဲရှိသည်။

မတ်ပဲကို အဓိကစိုက်ပျိုးသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့တွင် မတ်ပဲတစ်တင်းလျှင် ၈၉,၀၀၀-၉၀,၀၀၀ ကြား ပေါက်ဈေးရှိပြီး ပဲပေါ်ပေါ် ချင်း တောင်သူများအတွက် ဈေးကောင်းရသည့် နှစ်တစ်နှစ်ဖြစ်လာသည်။

## တရုတ်နိုင်ငံ၏ စွမ်းအင်သစ်သုံး မော်တော်ယာဉ် (NEV) များတင်ပို့မှု စံချိန်တင်မြင့်တက်



ပြည်ပဈေးကွက်များတွင် တရုတ်နိုင်ငံ၏ စွမ်းအင်သစ်သုံး မော်တော်ယာဉ် (NEV) များ တစ်ရှိန်ထိုး နာမည်ကျော်ကြားလာမှုကြောင့် တရုတ်နိုင်ငံ၏ မော်တော်ယာဉ်တင်ပို့မှုသည် ၂၀၂၃ ခုနှစ်တွင် စံချိန်တင်မြင့်တက်ခဲ့ကြောင်းသိရပါသည်။ ၂၀၂၃ခုနှစ်တွင် တရုတ်နိုင်ငံသည် (NEV) (၁ ဒသမ ၂) သန်းတင်ပို့ခဲ့ပြီး ၂၀၂၂ခုနှစ်ထက် (၇၇ ဒသမ ၆) ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း တရုတ်နိုင်ငံမော်တော်ကားထုတ်လုပ်သူအသင်း၏ အဆိုအရ သိရသည်။ ၎င်းပမာဏသည် လွန်ခဲ့သည့်နှစ် တရုတ်နိုင်ငံ မော်တော်ကားတင်ပို့မှု၏ ၂၄ ရာခိုင်နှုန်းရှိကြောင်းသိရသည်။ တရုတ်ကားကုမ္ပဏီ BYD သည် ၂၀၂၃ ခုနှစ်၊ စတုတ္ထ ၃ လပတ်ကာလတွင် လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ်ရောင်းချမှု၌ ကမ္ဘာ့ထိပ်တန်းဦးဆောင်သူဖြစ်လာပါသည်။

တရုတ်နိုင်ငံမော်တော်ကားထုတ်လုပ်သူအသင်း၏ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ် ချန်ရှီဟောင်က တရုတ်နိုင်ငံသည် ၂၀၂၄ခုနှစ်တွင် NEV (၅ ဒသမ ၅) သန်းတင်ပို့နိုင်ရန် မျှော်လင့်ထားပြီး ဘယ်လ်ဂျီယမ်၊ ထိုင်းနှင့်ဗြိတိန်တို့မှာ တရုတ်နိုင်ငံ၏ ထိပ်ဆုံး ပြည်ပဈေးကွက် ၃ နိုင်ငံဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက လောင်စာစွမ်းအင်သုံးမော်တော်ယာဉ်တင်ပို့မှုမှာ အဓိကနေရာတွင်တည်ရှိနေသော်လည်း NEV တင်ပို့မှုသည် တရုတ်နိုင်ငံမော်တော်ကားတင်ပို့မှုကြီးထွားလာရန်အတွက် အဓိကတွန်းအားအဖြစ်တည်ရှိနေကြောင်း ပြောကြားခဲ့သည်။

Source: https://www.doca.gov.mm

## တရုတ်နိုင်ငံ၏ ၂၀၂၃ ခုနှစ်၊ နိုင်ငံခြားကုန်သွယ်မှုမှာ မျှော်မှန်းထားသည်ထက် ပိုမိုကြီးထွားလာ



တရုတ်နိုင်ငံ၏ ကုန်ပစ္စည်းများကုန်သွယ်မှုမှာ တစ်နှစ်ထက်တစ်နှစ် (၀ ဒသမ ၂) ရာခိုင်နှုန်းတိုးပွားလာပြီး ပမာဏ အားဖြင့် ၂၀၂၃ ခုနှစ်တွင် ယွမ် (၄၁ ဒသမ ၇၆) ထရီလီယံရှိကာ မျှော်မှန်းထားသည်ထက်ပိုမိုခဲ့ကြောင်း သိရသည်။ နိုင်ငံ၏ရည်မှန်းချက်ဖြစ်သည့် တည်ငြိမ်စွာတိုးတက်ကြီးထွားမှုနှင့် အရည်အသွေးတိုးတက်မှုတို့ရရှိခဲ့ကြောင်း အကောက်ခွန်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အဆိုအရသိရသည်။

ပို့ကုန်ကဏ္ဍတွင် (၂၃ ဒသမ ၇၇) ထရီလီယံယွမ်ဖြင့် (၀ ဒသမ ၆) ရာခိုင်နှုန်းတိုးတက်လာပြီး သွင်းကုန်ကဏ္ဍတွင် (၁၇ ဒသမ ၉၉) ထရီလီယံယွမ်ဖြင့် (၀ ဒသမ ၃) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်းသိရှိရပါသည်။ တရုတ်နိုင်ငံ၏ BRI အစီအစဉ်တွင်ပါဝင်သည့် မိတ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုမှာ ၂၀၂၃ခုနှစ်တွင် (၁၉ ဒသမ ၄၇) ထရီလီယံယွမ်ဖြင့် (၂ ဒသမ ၈) ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီး ဥရောပသမဂ္ဂနှင့် အမေရိကန်နိုင်ငံတို့နှင့် စတုတ္ထ ၃ လပတ်ကာလ ကုန်သွယ်မှုမှာလည်း ပြန်သွက်လာခဲ့ကြောင်းသိရပါသည်။ ၂၀၂၂ ခုနှစ်တွင် စတင်သက်ရောက်ခဲ့သည့် (RCEP) ဒေသတွင်းကျယ်ပြန့်သော စီးပွားရေးမိတ်ဖက်အဖွဲ့၏ လွတ်လပ်စွာကုန်သွယ်မှု

သဘောတူညီချက်သည် တရုတ်နိုင်ငံနှင့် အခြားအဖွဲ့ဝင် ၁၄ နိုင်ငံတို့အကြား ကုန်သွယ်မှုကုန်ကျစရိတ်များလျှော့ချနိုင်ရန်နှင့် ကုန်သွယ်မှုကိုမြှင့်တင်ရန် ကူညီပေးခဲ့ကြောင်းသိရသည်။

တရုတ်နိုင်ငံနှင့် RCEP အဖွဲ့ဝင်နိုင်ငံများ၏ ကုန်သွယ်မှုပမာဏမှာ ၂၀၂၃ခုနှစ်တွင် (၁၂ ဒသမ ၆) ထရီလီယံရှိခဲ့ပြီး သဘောတူညီချက် မစတင်သေးသည့် ၂၀၂၁ ခုနှစ်မှစ၍ (၅ ဒသမ ၃) ရာခိုင်နှုန်းတိုးတက်လာကြောင်းသိရသည်။

**Source:** https://www.doca.gov.mm

## STOCK EXCHANGE (19.1.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 17th Jan. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 18,444 (Shares) | 57,105,900 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | -100 | -1.12% | 8,900 | 8,900 | 8,700 | 1,065 | 9,467,000 | 33,109,694 | 291,365 |
| MTSH | 00002 | 2,900 | +50 | +1.75% | 2,800 | 2,900 | 2,800 | 15,126 | 43,639,400 | 38,929,150 | 112,895 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 38 | 300,200 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,500 | 1,550 | 1,500 | 538 | 816,400 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 6 | 12,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 10 | 47,000 | 10,497,598 | 49,339 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 1,661 | 2,823,900 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 17th Jan. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 368.69 | -0.72 | -0.19% | 366.96 | 368.69 | 365.27 | 18,444 | 57,105,900 | 8 | 695,419 |

**Index chart**



# Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 17th Jan. 2024

| Trading Volume | Trading Value |
|---|---|
| 18,444 (Shares) | 57,105,900 (MMK) |

## Main Board

As of 1:00 pm, 17th Jan. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 18,444 (Shares) | 57,105,900 (MMK) |

| MYANPIX | 368.69 ▼ 0.72 |
|---|---|
| Total Volume (shares) | 18,444 |
| Total Value (MMK) | 57 mil |
| Listed Company | 8 |
| Market Cap. (MMK) | 695,419 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▼ 100 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |

TIR